CBCM ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ရန်ကုန်မြို့၊ ၁၁၁၁၁။

CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868 - Reception
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com

Ref .......................................

20 January 2023

**A passionate appeal: Peace is a Pilgrimage; Let us join together.**

=====

Dear People of Myanmar, State and Non-State stakeholders.

Peace be with you all.

As leaders of major religions/faiths in Myanmar, we make this passionate appeal for peace, urging that all of us need to undertake the pilgrimage of peace.

The recent months have seen great threats to the sacredness of human life, the lives lost, the lives displaced, and the lives under starvation. In a country blessed with so many great resources, the destruction of lives is a heart-wrenching tragedy.

Increasingly the places of worship and monasteries, where communities. sought peace and reconciliation are themselves under attack and carnage. International instruments like the Hague Convention call for the protection of places of worship, places of learning, and places of healing. With pain and anguish, we ask why these sacred places are attacked and destroyed.

As a nation, we need to heal. Healing comes through our deep sense of interrelatedness. Places of worship promote this interdependence, leading to peace. When they are burnt mercilessly returning to normalcy becomes a great challenge.

As leaders of the various faith traditions, our passionate plea to all stakeholders in Myanmar, is we have suffered enough as a people, let all guns fall silent, let us reach out to all, as brothers and sisters and start the sacred pilgrimage of peace - united as a nation and as a people.

Peace is possible, peace is the only way.
With prayers for peace and reconciliation,

On behalf of religious leaders.

Cardinal Charles Bo
Archbishop of Yangon
President of CBCM

Archbishop Marco Tin Win
Archbishop of Mandalay
Archdiocese of Mandalay

Archbishop Basilio Athai
Archbishop of Taunggyi
Archdiocese of Taunggyi

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ၁၁၁၁၁။
CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868 - Reception
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com

Ref ........................................

နေ့စွဲ။ ။ ၂၀ရက်–ဇန်နဝါရီလ–၂၀၂၃ခုနှစ်

## အနူးအညွတ် မေတ္တာရပ်ခံချက်
## ငြိမ်းချမ်းရေးဟူသည် ခရီးတစ်ခု ဖြစ်ပါသည်။ အတူလျှောက်လှမ်းကြပါစို့။

သင်တို့အားလုံး၌ ငြိမ်းချမ်းခြင်းရှိပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်ပါရစေ။
အမိမြန်မာနိုင်ငံအတွင်းရှိ သက်ဝင်ယုံကြည်မှုဘာသာတရားခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းရေး အတွက် ကျွန်ုပ်တို့ အနူးအညွတ်မေတ္တာရပ်ခံပါသည်။ ကျွန်ုပ်တို့အားလုံး ငြိမ်းချမ်းရေး ခရီးစဉ်မှာ ပါဝင်ကြဖို့ လိုအပ်ကြောင်း အကြံပြုတိုက်တွန်းလိုက် ရပါသည်။

လူ့အသက်၏ မြင့်မြတ်မှုကို ခြိမ်းခြောက်နေမှုများ၊ အသက်ဆုံးပါးသွားသူများ၊ အိုးအိမ်စွန့်ခွာ ပြေးနေရသူများ၊ အစာရေစာ ပြတ်လပ်မှုကြုံတွေ့နေသူများကို များမကြာမီလများမှာ ကျွန်ုပ်တို့ တွေ့မြင် နေကြရပါသည်။ သယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်ခုတွင် ယခုကဲ့သို့ လူ့အသက်များစွာ ဆုံးရှုံးနေရခြင်းမှာ စိတ်နှလုံး ဝမ်းနည်း ကြေကွဲဖွယ်ရာ အဖြစ်ဆိုးတစ်ခု ဖြစ်ပါသည်။ ငြိမ်းချမ်းခြင်းနှင့် ကျေအေးသင့်မြတ်ခြင်းကို ရှာဖွေနေခဲ့သော နေရာများဖြစ်သည့် ဝတ်ပြုကိုးကွယ်ရာ ဘုရားရှိခိုးကျောင်းတော်များနှင့် ဘုန်းကြီးကျောင်းသင်္ခမ်းများပင်လျှင် တိုက်ခိုက် ဖျက်ဆီးခံနေရပါသည်။ ဝတ်ပြုကိုးကွယ်ရာအဆောက်အအုံများ၊ စာသင်ကျောင်း များနှင့် ဆေးရုံဆေးခန်းများကို ကာကွယ်ရန် ဟေ့ ညီလာခံ (Hague Convention) ကဲ့သို့သော နိုင်ငံတကာ စာတမ်းများကလည်း ပြဋ္ဌာန်း ထားပါသည်။ နာကျင်မှုများစွာ၊ ကြေကွဲမှုများစွာဖြင့် ကျွန်ုပ်တို့ မေးလိုသည်မှာ – အဘယ့်ကြောင့် သန့်ရှင်းမြင့်မြတ်သည့်နေရာ များကို တိုက်ခိုက်ဖျက်ဆီးနေကြပါသနည်း။

တိုင်းနိုင်ငံတစ်ခုအနေဖြင့် ကျွန်ုပ်တို့ ကုသဖို့လိုအပ်နေပါသည်။ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေ ရကြောင်း သိနားလည်နိုင်မှသာလျှင် ကုသခြင်းကို ရနိုင်ပါမည်။ ဝတ်ပြုကိုးကွယ်ရာ ဘုရားကျောင်းကန်များသည် တစ်ဦးနှင့်တစ်ဦး အမှီပြု နေခြင်းကို မြှင့်တင်ပေးပါသည်။ ထိုနေရာဌာနများကို အကြင်နာမဲ့စွာ မီးရှို့ဖျက်ဆီးလိုက်ခြင်း ကြောင့် ပုံမှန်အနေအထားသို့ ပြန်ရောက် နိုင်ရေးမှာ ကြီးမားသည့် စိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးအနေဖြင့် လွန်စွာထိခိုက် နာကျင်ခဲ့ရပါပြီ။ သက်ဝင်ယုံကြည်မှုတစ်ခု၏ ဘာသာတရား ခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ သက်ဆိုင်သူ အားလုံးသို့ ပြင်းပြစွာမေတ္တာရပ်ခံလိုသည်မှာ – သေနတ်သံများ ဆိတ်သုန်းပါစေ။ ညီရင်းအစ်ကို မောင်ရင်းနှမများကဲ့သို့ တစ်ဦးနှင့်တစ်ဦး လက်တွဲညီကြပါစေ။ စည်းလုံး ညီညွတ်သည့် လူမျိုးနွယ်တစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် မြင့်မြတ်လှသည့် ငြိမ်းချမ်းရေး ခရီးတစ်ခုကို အစပြုကြပါစို့။

ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသည်သာ တစ်ခုတည်းသော အဖြေ ဖြစ်ပါသည်။
ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ဆုတောင်းခြင်းများစွာဖြင့်–

ကာဒီနယ် ချားစ်ဘို
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကက်သလစ်
ဆရာတော်ကြီးများအဖွဲ့ချုပ်
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ

ဆရာတော် မာကု တင်ဝင်း
မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာ

ဆရာတော် ဘာစီးလျို့ အားသိုက်
တောင်ကြီးကက်သလစ်ဂိုဏ်းချုပ်သာသနာ